# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 26, 2020 Volume 28, Number 17


၂၆.၂.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၄၄/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၄၆၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၉/- ကျပ် |
| CBM Rate | = ၁၄၄၆.၉ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၃၅.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၈.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၂.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၁.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၆.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၁၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၈.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၂.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၃၅၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## တတိယအကြိမ် သနပ်ခါးပွဲတော်တွင် သနပ်ခါးလှပျိုမေပြိုင်ပွဲ ထည့်သွင်းမည်



တတိယအကြိမ် မြန်မာ့သနပ်ခါးပွဲတော်ကို မတ် ၂၇ ရက်မှ ၂၉ ရက်အထိ မန္တလေးမြို့ ကျောက်တော်ကြီးဘုရားဝင်း၌ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲတော်တွင် မြန်မာ့သနပ်ခါးလှပျိုမေပြိုင်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ တတိယအကြိမ် မြန်မာ့သနပ်ခါးပွဲတော်ကို မြန်မာ့သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း က ဦးစီးကျင်းပမည်ဖြစ်ရာ မြန်မာ့သနပ်ခါးဈေးကွက် ပိုမိုဖွံ့ဖြိုးစေရန်နှင့် ပြည်ပနိုင်ငံများအထိ အဆင့်မြင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်ရန်အတွက် သနပ်ခါးအရောင်းဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းနှင့်အတူ မြန်မာ့သနပ်ခါးဈေးကွက် ပိုမိုရရှိစေရန် ရည်ရွယ်၍ မြန်မာ့သနပ်ခါး လှပျိုမေပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ "ကျောက်တော်ကြီး ဘုရားဝင်းမှာကျင်းပတာ ဒီနှစ်တတိယအကြိမ်မြောက်ပါ။ သနပ်ခါးအရောင်းပွဲတော်ကို ပြည်တွင်းပြည်ပက စိတ်ဝင်တစားလာရောက်ကြည့်ရှုတာ၊ ဝယ်ယူတာရှိပါတယ်။ သနပ်ခါးကို မန္တလေး၊ မကွေးနဲ့စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံးစိုက်ပျိုးပါတယ်။ ပြည်တွင်းမှာသာမက ပြည်ပဈေးကွက်ပါရရှိမှ သနပ်ခါး စိုက်ပျိုးသူတွေ၊ ထုတ်လုပ် တင်ပို့ရောင်းချသူတွေ အဆင်ပြေလာမှာပါ။ ဒါကြောင့် ဒီနှစ်မှာ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ကျင်းပသွားမှာပါ"ဟု မြန်မာ့သနပ်ခါးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုးကပြောသည်။ ယခုနှစ် တတိယအကြိမ် မြန်မာ့သနပ်ခါးပွဲတွင် လှပျိုဖြူအမျိုးသမီးငယ်များကိုဖိတ်ကြား၍ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုနှင့်အတူ သနပ်ခါးလှပျိုမေပြိုင်ပွဲကိုပါ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲမှ ဆုရသနပ်ခါးလုပ်ပျိုမေများကို ဆုကြေးထိုက်တန်စွာချီးမြှင့်မည်ဖြစ်ပြီး ပွဲတော်ရက်များတွင် နာမည်ကျော် တေးဂီတအဖွဲ့နှင့် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။ ယခုနှစ် သနပ်ခါးအရောင်း ပွဲတော်တွင် အရာတော်၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရွှေဘိုစသောမြို့နယ်များမှ သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများကိုယ်တိုင် သနပ်ခါးအပင်၊ သနပ်ခါးအတုံး၊ သနပ်ခါးအမြစ်၊ သနပ်ခါးအခေါက်၊ သနပ်ခါး အခဲ၊ သနပ်ခါးအမှုန့်၊ သနပ်ခါးအရည်စသော ထုတ်ကုန်များကို ရန်ကုန်၊ မန္တလေးမြို့များမှ နာမည်ကြီး သနပ်ခါးအရောင်းဆိုင်များနှင့်အတူ စုစုပေါင်း ဆိုင်ခန်း ၅၀ လာရောက် ခင်းကျင်း ပြသရောင်းချမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/135825.html

## ၂၀၁၉ တွင် မော်တော်ယာဉ်သစ် ရောင်းချထုတ်လုပ်မှု အာဆီယံ၌ မြန်မာအတိုးတက်ဆုံးဟုဆို




Brand New မော်တော်ယာဉ်ရောင်းချမှုနှင့် ထုတ်လုပ်သည့် စာရင်းအရ အာဆီယံနိုင်ငံများတွင် ၂၀၁၉ တစ်နှစ်လုံး အတိုင်း အတာဖြင့် မြန်မာနိုင်ငံက အတိုးတက်ဆုံးဖြစ်ကြောင်း ASEAN Automotive Federation (AAF) က ထုတ်ပြန်သည်။ မြန်မာ နိုင်ငံတွင် Brand New မော်တော်ယာဉ်ရောင်းချမှုသည် ၂၀၁၉ ဇန်နဝါရီမှ ဒီဇင်ဘာလကုန်အထိ အစီးရေ ၂၁,၉၁၆ စီးရှိသည်။ ၂၀၁၈ ကာလတူ ရောင်းချသည့် ယာဉ်အစီးရေ သည် ၁၇,၅၂၄ စီးရှိရာ ၂၅ ရာခိုင်နှုန်းကျော် ပို၍များလာသည်။

Brand New မော်တော်ယာဉ် ထုတ်လုပ်နိုင်မှုစာရင်း၌လည်း တစ်နှစ်အတွင်း ၁၅,၄၉၆ စီးရှိကြောင်း AAF က ထုတ်ပြန် ထားသည်။ ဂျပန်မော်တော်ယာဉ်ကုမ္ပဏီကြီး Toyota ဝင်ရောက်ခြင်းကအစပြု၍ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာနိုင်ကြောင်း AAF က ခန့်မှန်းသည်။ ပြည်တွင်း၌ တစ်စိတ်တစ်ပိုင်း မော်တော်ယာဉ် ထုတ်လုပ်သည့်စနစ် (SKD) ဖြင့် ဆောင်ရွက်နေသော Suzuki နှင့် Hyundai အမှတ်တံဆိပ်မော်တော်ယာဉ်ကုမ္ပဏီသည် ၂၀၁၆ ကစ၍ ရောင်းအားတက်လာသည်ဟု ကြေညာထားသည်။ “မော်တော်ယာဉ်မူဝါဒ ပြောင်းလိုက်တော့ ၂၀၁၈ ကစလို့ Brand New တွေ အရောင်းတက်လာတယ်။ အခုနောက်ပိုင်း ပြည်တွင်းထုတ် SKD ကားတွေကို ပိုအရောင်းတက်လာတယ်။ ကျွန်တော်တို့ ကြိုက်တာကတော့ ဂျပန်တစ်ပတ်ရစ်ပေါ့။ ဒါက သွင်းလို့မရတဲ့အပိုင်း ဖြစ်သွားတယ်။ ဒါပေမဲ့ ကားအသစ်ကတော့ ပိုရောင်းရတာပေါ့”ဟု မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုမြင့်တက်ရေး သီလဝါစက်မှုဇုန်ကို အရှေ့တောင်အာရှ၏ မော်တော်ယာဉ် ဖွံ့ဖြိုးမှုဆိုင်ရာ ဇုန်ကြီးတစ်ခုနှင့်စမတ်စီးတီးတစ်ခုဖြစ်လာရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) က ပြောကြားထားသည်။

**Source :** https://7day.news/detail?id=179743

## ဗဟိုဘဏ်က လေးရက်ဆက်တိုက် ဒေါ်လာအဝယ်ရပ်ဆိုင်း

ဗဟိုဘဏ်က ဒေါ်လာဝယ်ယူမှုကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အကြား လေးရက်ဆက်တိုက်အဝယ်ရပ်ခဲ့ကြောင်း ဗဟိုဘဏ်ကထုတ်ပြန်သော စာရင်းများတွင်ဖော်ပြထားသည်။ ထိုရက်များတွင် ဘဏ်နှင့်အများပြည်သူကြား ဒေါ်လာ ရောင်းဝယ်မှုသည် အနည်းဆုံးဒေါ်လာ ၅၆ သန်းမှ သန်း ၆၀ ကြားရှိပြီး ဘဏ်အချင်းချင်း ရောင်းဝယ်မှုသည် ဒေါ်လာ ၁၄ သန်းမှ ၃၃ သန်းကြားရှိခဲ့သည်ဟု ဗဟိုဘဏ်ကထုတ်ပြန်သည်။

ဖေဖော်ဝါရီအတွင်း လက်ရှိအချိန်ထိ ဗဟိုဘဏ်သည် အလုပ်လုပ်ရက် ၁၆ ရက်ရှိခဲ့သည်။ ထိုရက်များအတွင်း ဘဏ်များထံမှ ဒေါ်လာ ၂၄ သန်း ဝယ်ယူပြီး ဒေါ်လာဝယ်ယူမှုကို ခုနစ်ရက် ရပ်တန့်ခဲ့ကြောင်း ဗဟိုဘဏ်၏ စာရင်းများတွင် ဖော်ပြထားသည်။ ဖေဖော်ဝါရီ ၅ ရက်နှင့် ဖေဖော်ဝါရီ ၂၅ ရက်တို့တွင် ဗဟိုဘဏ်က ပြည်တွင်းဘဏ်များထံမှ ဒေါ်လာဝယ်ယူမှု ရပ်ဆိုင်းသော်လည်း ဘဏ်များက အများပြည်သူသို့ ဒေါ်လာ ၈၇ သန်းခန့်နှင့် ၈၉ သန်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ထိုပမာဏသည် ဖေဖော်ဝါရီအတွင်း အများဆုံး ဝယ်၊ ရောင်းဖြစ်ခဲ့သည့် ပမာဏဖြစ်သည်။ ထိုနေ့များတွင် ပျမ်းမျှတစ်ဒေါ်လာဈေးသည် ၁,၄၄၆ ကျပ်နှင့် ၁,၄၄၈ ကျပ်ဖြစ်သည်ဟု ဗဟိုဘဏ်ကထုတ်ပြန်သည်။ ဗဟိုဘဏ်နှင့်ပြည်တွင်းဘဏ်များကြား ပေါက်ဈေးသတ်မှတ်ချက် မတူညီပါက ဒေါ်လာ အရောင်းအဝယ်မရှိသည့်နေ့ဖြစ်သည်ဟု ငွေလဲလုပ်ငန်းလုပ်ကိုင်သူများကပြောသည်။

ကန်ဒေါ်လာဈေးသည် ၂၀၁၉ ဒီဇင်ဘာပထမပတ်တွင် တစ်ဒေါ်လာလျှင် ၁,၅၁၀ ကျပ်ခန့်မှ ၁,၄၉၃ ကျပ်အထိ ကျဆင်းခဲ့သည်။ တစ်နှစ်ကျော်အတွင်း ပထမဆုံးအကြိမ် ကျပ် ၁,၅၀၀ အောက်သို့ ပြန်လည်ကျဆင်းခြင်းဖြစ်သည်။ ၂၀၁၉ ဒီဇင်ဘာ ၆ ရက်တွင် တစ်ဒေါ်လာ ၁,၅၀၂ ကျပ် ပေါက်ဈေးရှိပြီး ယနေ့ပေါက်ဈေး ၁,၄၄၇ကျပ်နှင့်နှိုင်းယှဉ်ပါက တစ်ဒေါ်လာ ကျပ် ၆၀ ကျဆင်း ခြင်းဖြစ် သည်

**Source:** https://7day.news/detail?id=179744

## ဈေးကွက်တစ်ခုတည်းကို မှီခိုခြင်းသည် အန္တရာယ်ကြီးကြောင်း ဗိုင်းရပ်စ်ဖြစ်စဉ်က သင်ခန်းစာပေးနေဟုဆို



နိုင်ငံတစ်နိုင်ငံ ဈေးကွက်တစ်ခုတည်းကိုသာ မှီခိုနေခြင်းမှာ လွန်စွာအန္တရာယ်ကြီးမားကြောင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်က သင်ခန်းစာပေးနေသည်ဟု ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးထံမှသိရသည်။ "ကိုယ်မှီခိုနေရတဲ့ ဒီတစ်နိုင်ငံက အကြောင်းအမျိုးမျိုးကြောင့် ပြဿနာဖြစ်ခဲ့လို့ ကိုယ့်ပစ္စည်းမရောင်းရရင် တော်တော်ကိုဒုက္ခရောက်နေတယ်။ ကြိုတင်မြင်ဖို့လိုတယ်။ ရှေ့ကပေါ်လစီချပေးတဲ့ လူကြီးတွေကလည်း ဒါကိုမြင်ပြီး တော့ချပေးဖို့လိုတယ်။ ဈေးကွက်တစ်ခုတည်းကိုပဲ မှီခိုနေရတဲ့အခါ အန္တရာယ်ကြီးမားပြီးတော့ ထိခိုက်ဆုံးရှုံးမှုတွေက အတိုင်းအဆမရှိဘူး။ ဒါကြောင့် ဈေးကွက်က အမျိုးမျိုးရှာထားရမယ်"ဟု ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

မြန်မာနိုင်ငံထွက်ကုန်အများစုမှာ အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယနိုင်ငံများကိုသာ အဓိကမှီခိုနေရပြီး လက်ရှိတွင် တရုတ်နိုင်ငံ၏ ကူးစက်ရောဂါကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုဝင်ငွေ ဒေါ်လာသန်းချီ ဆုံးရှုံးနေသကဲ့သို့ အိန္ဒိယနိုင်ငံ၏ မူဝါဒပိုင်းဆိုင်ရာများကြောင့် ပဲတင်သွင်းခွင့်နှင့်ပတ်သက်ပြီး မြန်မာတောင်သူများ အခက်အခဲတွေ့ကြုံနေကြောင်းသိရသည်။ "ကောက်ပဲသီးနှံအများစုက တရုတ်ကိုသွားတယ်။ ပဲဆိုရင်လည်း အိန္ဒိယကိုသွားတယ်။ အိန္ဒိယက ပဲမယူ ဘူးဆိုရင်လည်း ပြဿနာရှိတယ်။ အခု တရုတ်ကလည်း ပြဿနာတက်တယ်ဆိုတော့ ကျွန်တော်တို့ကိုထိတယ်။ ကောင်းတာကတော့ နောက်ထပ် တခြားဈေးကွက်တွေပါရအောင် ဆောင်ရွက်သွားဖို့လိုတယ်။ တစ်နိုင်ငံတည်းကို အားကိုးတဲ့အတွက်ကြောင့် သူလဲသွားရင် ကျွန်တော်တို့ရပ်တည်ဖို့ခက်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် ဈေးကွက်တစ်ခုတည်းကို မှီခိုနေရရင်တော့ အန္တရာယ်ကြီးမားပါတယ်"ဟု စီးပွားရေးကျွမ်းကျင်သူ ဒေါက်တာစိုးထွန်းကပြောသည်။

ရေရှည်တွင် ဈေးကွက်အသစ်ရှာခြင်း၊ ကုန်ကြမ်းများ တင်ပို့နေခြင်းမှ ကုန်ချောအဆင့်ကို ပြည်တွင်း၌သာ ထုတ်လုပ်နိုင်ရန် တီထွင်ကြံဆခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ တရုတ်နယ်စပ်ကုန်သွယ်ရေးမှာ ယခင်နှစ်ကာလတူထက် ကန်ဒေါ်လာ ၂၀၉ သန်း လျော့နည်းခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်က ဖေဖော်ဝါရီ ၂၂ ရက်တွင်ပြောသည်။ ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် တရုတ်နိုင်ငံမှ ကုန်ကြမ်းမရသဖြင့် မတ်လအတွင်း အထည်ချုပ်စက်ရုံ ရာခိုင်နှုန်း ၅၀ ခန့် ယာယီပိတ်သိမ်းနိုင်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ဖေဖော်ဝါရီ ၂၁ ရက် သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

**Source:** https://myanmar.mmtimes.com/news/135816.html

## မြန်မာ့အခေါက်ရွှေ သုံးရက်အတွင်း ကျပ် ၂၀၀၀၀ ခန့်မြင့်တက်



မြန်မာ့အခေါက်ရွှေဈေးမှာ သုံးရက်အတွင်း ကျပ် ၂၀၀၀၀ ခန့် ဆက်လက်မြင့်တက်လာကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များ အသင်းမှသိရသည်။

တရုတ်နှစ်သစ်ကူးကာလအတွင်း ငြိမ်သက်ခဲ့သည့် မြန်မာ့အခေါက်ရွှေဈေးမှာ ရက်ပိုင်းအတွင်း တစ်ဟုန်ထိုး ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက် အပိတ်ဈေးမှာ အခေါက်ရွှေတစ်ကျပ်သား လျှင် ၁၂၆၀၀၀၀ ကျပ်ရှိခဲ့သည်။ ဖေဖော်ဝါရီ ၂၁ ရက် ညနေအပိတ်ဈေးတွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၂၄၁၀၀၀ ကျပ်ရှိခဲ့သဖြင့် ၁၉၀၀၀ ကျပ်အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေးမှာလည်း ဖေဖော်ဝါရီ ၂၁ ရက်က တစ်အောင်စလျှင် ၁၆၃၄ ဒေါ်လာရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၄ ရက်တွင် ၁၆၈၂ ဒေါ်လာ ပေါက်ခဲ့သဖြင့် ၄၈ ဒေါ်လာမြင့်တက်ခဲ့ကြောင်း ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် မြန်မာ့ရွှေဈေးလိုက်ပါ မြင့်တက်ခြင်းဖြစ်ကြောင်းသိရသည်။ "ကမ္ဘာ့ရွှေဈေးနှုန်းတက်လို့ မြန်မာ့ရွှေဈေးက ပြန်တက်လာတဲ့သဘောပါ။ ကျပ် ၁၃ သိန်းအထိတော့ ပြန်တက်ဖို့ လောလောဆယ်မရှိသေးဘူး။ ရွှေဈေးကတော့ ဒီအတိုင်းပဲသွားမှာပဲ။ ကျပ် ၁၂ သိန်းအောက်လည်း မရောက်နိုင်ဘူး။ ကျပ် ၁၃ သိန်းအထိအောက်လည်း မရောက်နိုင်ပါဘူး။ ကြားထဲမှာပဲသွားနေမယ်။ အရောင်းအဝယ်ကတော့ တရုတ်နှစ်ကူးကြောင့်ရော ကမ္ဘာ့ရှယ်ယာဈေးတွေကျတာကြောင့် အေးနေတယ်"ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

**Source:** https://myanmar.mmtimes.com/news/135824.html

## မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလျော့နည်းချိန်တွင် ထိုင်းနှင့်ကုန်သွယ်မှု ၅ ရာခိုင်နှုန်းခန့်တိုး

COVID-19 ကြောင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလျော့နည်းနေချိန်တွင် ထိုင်းနိုင်ငံနှင့်နယ်စပ် ကုန်သွယ်မှုတန်ဖိုး ၅ ရာခိုင်နှုန်းကျော်တိုးတက်လာသည်။မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် အဓိကကုန်သွယ်မှုအများဆုံးဖြစ်သော မြဝတီ၊ မဲဆောက်နယ်စပ်ကုန်သွယ်ရေးက အများဆုံးဖြစ်ပြီး ယခုဘဏ္ဍာနှစ် ငါးလကျော်အတွင်း ဒေါ်လာသန်း ၁၀၀ ကျော်ပိုများလာသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက မြဝတီ၊ မဲဆောက်နယ်စပ် ကုန်သွယ်ရေးတိုးတက်မှု ၃၀ ရာခိုင်နှုန်းကျော်ရှိသည်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများတွင် ဖော်ပြထားသည်။ ယခုဘဏ္ဍာနှစ် အောက်တိုဘာမှ ဖေဖော်ဝါရီ ၁၄ ရက်အထိ မြဝတီ၊ မဲဆောက်နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းမှ ကုန်သွယ်မှုက ဒေါ်လာ ၄၂၂ သန်း ကျော်ရှိခဲ့သည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူတွင် ကုန်သွယ်မှု တန်ဖိုးက ဒေါ်လာသန်း ၃၀၀ ကျော်ရှိခဲ့သည်။ ပြောင်းဖူးစေ့အပါအဝင် မြန်မာ့လယ်ယာထွက်ပို့ကုန်အချို့ တရုတ်နိုင်ငံသို့ တင်ပို့နိုင်မှုမရှိသဖြင့် ထိုင်းနိုင်ငံသို့ ဈေးကွက်ပြောင်းရွှေ့ခြင်းပါဝင်ကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကဆိုသည်။

ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးတွင် မြဝတီ၊ မဲဆောက်ကုန်သွယ်မှုတိုးတက်မှု အားကောင်းကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကဆိုသည်။ အထူးသဖြင့် ပြောင်းဖူးစေ့တင်ပို့မှုက တိုးတက်မှုအများဆုံးဖြစ်ပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် ခုနစ်သိန်းခန့် တင်ပို့နိုင်ခဲ့သည်ဟု ၎င်းကပြောသည်။ လက်ရှိတွင် မြဝတီနယ်စပ်မှထိုင်းနိုင်ငံသို့ ပြောင်းကားအစီးရေ ၂၀၀ မှ ၃၀၀ အကြားတင်ပို့နေကြောင်း မြဝတီနယ်စပ်မှ ကုန်သည်တစ်ဦးကဆိုသည်။ လက်ရှိ မြန်မာနှင့် ထိုင်းနိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး စခန်းစုစုပေါင်းရှစ်ခုမှ ယခုဘဏ္ဍာနှစ် ငါးလကျော်အတွင်း ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ရှိခဲ့သည်။

**Source:** https://7day.news/detail?id=179742

## ထားဝယ်အထူးစီးပွားရေးဇုန်ဖော်ဆောင်ရေး သုံးနိုင်ငံအလွတ်သဘောဆွေးနွေး

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအလွတ်သဘော ဆွေးနွေးခဲ့ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက သတင်းထုတ်ပြန်သည်။ ကနဦးစီမံကိန်းအတွက် မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးလည်း ဆောင်ရွက်ခဲ့သည်ဟု ကော်မတီကသတင်းထုတ်ပြန်သည်။ ထိုင်းနိုင်ငံမှ ချေးငွေဖြင့် ဆောင်ရွက်မည့် ထိုင်းနယ်စပ်မှ ထားဝယ်အထူးစီးပွားရေးဇုန်သွားသည့် နှစ်လမ်းသွားလမ်း ချေးငွေစာချုပ်နိုင်ရေး၊ ထားဝယ်အထူး စီးပွားရေးဇုန်အတွင်း လျှပ်စစ် ဓာတ်အားလုပ်ငန်းများ ဆောင် ရွက်ရေး ဆွေးနွေးခဲ့သည်ဟု ထုတ်ပြန်သည်။ ထားဝယ်အထူးစီးပွားရေး ဇုန်ဖော်ဆောင်ရန် ထိုင်းအခြေ စိုက် ဂျပန်ကုမ္ပဏီကိုးခုမှ စီးပွား ရေးလုပ်ငန်းရှင်များ ယခုလအ တွင်း လာရောက်လေ့လာခဲ့သည်။

ထိုလုပ်ငန်းရှင်များကို ဘန်ကောက်-ဂျပန် ကုန်သွယ်ရေးလုပ်ငန်းရှင်များအသင်းကဦးဆောင်ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပါဝင် သည်။ ထားဝယ်အထူးစီးပွားရေး၏ဇုန် ကနဦးအဆင့် အကောင်အထည်ဖော်ရန် ထိုင်းကုမ္ပဏီ အီတာလျံ-ထိုင်းကို လုပ်ကိုင်ခွင့် ပေးထားသည်။ လက်ရှိတွင် မြေငှားစာချုပ်ကို ထိုင်းကုမ္ပဏီထံပို့ဆောင်ထားပြီး ၂၀၂၀ မတ်လ၌ ကုမ္ပဏီဘက်က နောက်ဆုံး အကြောင်းပြန်ရမည်ဖြစ်ကာ မပြုလုပ်ပါက လုပ်ကိုင်ခွင့်ဆုံးရှုံးမည်ဟုဆိုသည်။

ထိုင်းကုမ္ပဏီကို လုပ်ကိုင်ခွင့်ပေးထားသော်လည်း ၂၇ စတုရန်းကီလိုမီတာ (ဧက ၆,၆၀၀ ကျော်)ကို တိုက်ရိုက် ဆောင်ရွက်ခွင့်ရမည်မဟုတ်ဘဲ အဆင့်လေးဆင့်ခွဲ၍ ဆောင်ရွက်ရမည်ဟုဆိုသည်။ ထိုင်းကုမ္ပဏီသည် ပထမအဆင့် ၇ စတုရန်းကီလိုမီတာ (ဧက ၁,၇၀၀ ကျော်) လုပ်ကိုင်ခွင့်ရမည်ဖြစ်ပြီး ငွေကြေး၊ စီးပွားရေးစီမံချက်နှင့် အချိန်သတ်မှတ်ချက်တို့တင်ပြရမည်ဟု ကော်မတီကဆိုသည်။

**Source:** https://7day.news/detail?id=179697

## ရာသီသီးနှံဒူးရင်းသီး အချိန်စောရရှိ၍ ဈေးကောင်းရသော်လည်း အသီးအထွက်နည်း



ယခုနှစ် ရာသီပေါ်သီးနှံဖြစ်သည့် ဒူးရင်းသီးမှာ ပုံမှန်အချိန်ထက် စောပြီးပင်ကြွေသီးရရှိ၍ ဈေးကောင်းရသော်လည်း သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင် ကျေးရွာများရှိ ဒူးရင်းခြံများသည် အပင်များ ပျက်စီး သေဆုံးမှုများရှိနေခြင်းတို့ကြောင့် ဒူးရင်းသီးအထွက်နည်းလာမည် ဖြစ်ကြောင်းသိရသည်။ "အရင်တုန်းကလောက် ဒူးရင်းသီး မပေါ်တော့ ဘူး၊ ဒူးရင်းခြံတွေလည်းမရှိတော့တဲ့အပြင် ရှိတဲ့ခြံတွေမှာလည်း အရင်က အပင်တစ်ရာလောက်ရှိရင် ဆယ်ပင်လောက်ပဲရှိတော့တယ်။ ဒူးရင်းခြံတွေနေရာမှာ ရော်ဘာခြံတွေဖြစ်လာပြီ" ဟု ဝင်းပကျေးရွာ ဒူးရင်းခြံမှ ရော်ဘာပင်ပြန်လည်စိုက်ပျိုးသူ ခြံပိုင်ရှင်တစ်ဦးက ပြောသည်။ "အခုရောင်းတဲ့ဒူးရင်းသီးက လက်ဦးသီးမို့ ဈေးကောင်းပေးဝယ်ပြီး ဈေးကောင်းရမှ ပြန်ရောင်းရတာပါ။ ဒူးရင်းသီးက တစ်ရာသီမှာ အသီး၊ အပွင့်၊ အဖူး အသုတ်များတဲ့အတွက် ဒီရာသီမှာ ဈေးကောင်းရမယ်ထင်တယ်။ ဒူးရင်းသီး ပုံမှန်အလုံးဆိုရင် တစ်လုံးငါးထောင်၊ ခြောက်ထောင်ကျပ် ပေးဝယ်ရတယ်။ ဒီဒေသထွက်တဲ့ ထိုင်းမျိုးအလုံးကြီးတွေက တစ်လုံးကို ငွေကျပ် နှစ်သောင်းကျော် ပေးဝယ်ရပါတယ်။ ပြန်ရောင်းရင်တော့ အရွယ်အစား၊ မျိုးကောင်း မကောင်း၊ အရသာပေါ်မူတည်ပြီး အာမခံနဲ့ အမြတ်ချန်ထားပြီး ရောင်းပေးရပါတယ်" ဟု သိမ်ဆိပ် ရပ်ကွက်သစ်သီးတန်းမှ ရာသီပေါ်သီးနှံများအရောင်းဆိုင်မှ ဆိုင်ရှင် တစ်ဦးကပြောသည်။

လွန်ခဲ့သောနှစ်များစွာက ကျိုက္ကော်၊ သိမ်ဆိပ်ဒူးရင်းသီးသည် အလွန်စားကောင်းပြီး အရသာရှိ၍ နာမည်ကျော်သည့်အပြင် ရောင်းဝယ်မှုအားကောင်းခဲ့သော်လည်း ယခုအခါ အပင်များရှားပါးလာမှု၊ တခြားဒေသများမှ အသီးများဝင်ရောက်လာမှု၊ ဒူးရင်းသီးအရသာ အရည်အသွေးကျဆင်းလာမှု၊ ပြန်လည်စိုက်ပျိုးသူများနည်းပါးလာမှု၊ ရာသီဥတုပြောင်းလဲလာမှုတို့ကြောင့်

ဈေးကောင်းရရှိ၍ ဒူးရင်းသီးအထွက်နည်းလာနိုင်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily

## မြန်မာ့ဖရုံယို တစ်နှစ်ပတ်လည်လုံး ဈေးကွက်ကောင်းမွန်နေ



မြန်မာ့ထုတ်ကုန်တစ်ခုဖြစ်သည့် ဖရုံယိုလုပ်ငန်းများမှာ တစ်နှစ်ပတ်လည်လုံး ဈေးကွက်ကောင်းမွန်နေကြောင်း ကိုယ်တိုင်ထုတ်လုပ်သူများထံမှသိရသည်။ ဈေးကွက်ကတော့ ရာသီချိန်ပေါ်မူတည်ပြီး ပွင့်လင်းရာသီဆို ပိုရောင်းကောင်းတယ်။ သူ့ဟာနဲ့သူ အလုပ်ဖြစ်ပါတယ်။ ရောင်းမကောင်းဘူးဆိုတာ အတော်ကိုရှားပါတယ်ဟု မော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ စမ်းချောင်းကျေးရွာရှိ ပိုပိုဖရုံယိုလုပ်ငန်းမှ တာဝန်ခံတစ်ဦးကပြောသည်။

ဖရုံယိုစက်များမှထုတ်လုပ်နေသည့် ဖရုံယိုများကို ရန်ကုန်မြို့ လမ်းမတော်သံဈေးရှိ ဝယ်လက်များသို့တင်ပို့ရောင်းချပြီး ဝယ်လက်များမှတဆင့် တစ်နိုင်ငံလုံးသို့ ပြန်လည်ဖြန့်ဖြူးနေသည်။ ချက်တဲ့လူ မကျွမ်းကျင်တဲ့အခါ ဖရုံယို အသားမလှတာ၊ ဖရုံယို အရောင်ညိုတာဖြစ်တတ်တယ်။ ဒီလိုဆိုမှသာ ဈေးကောင်းမရတာပါဟု ၎င်းကဆက်လက်ပြောသည်။ ဈေးကွက်တွင်း၌ ဖရုံယိုအရည်အသွေးကောင်း တစ်ပိဿာလျှင် ၃၀၀၀ ကျပ်၊ ဖရုံယိုအကျိုးနှင့် ရောရာတစ်ပိဿာလျှင် ၂၅၀၀ ကျပ်ဈေးနှုန်းဖြင့် ရောင်းချနေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/winter_melon_candy_market_is_good_all_year_round

## တရုတ်က ဆန်ကွဲတင်သွင်းခြင်းကို အခွန် ၁၃ ရာခိုင်နှုန်းသာ ကောက်ခံတော့မည်ဖြစ်၍ ဆန်ကွဲဈေးကွက်လှုပ်ခတ်လာ

တရုတ်နိုင်ငံ ဆန်ကွဲတင်သွင်းခြင်းကို အခွန် ၁၃ ရာခိုင်နှုန်းသာ ကောက်ခံတော့မည်ဖြစ်၍ ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းများမှတင်ပို့ရန် ဆန်ကွဲဝယ်ယူမှုလှုပ်ခတ်လာကြောင်းကုန်သည်များထံမှသိရသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးက“ ဆန်ကွဲကို တရုတ်ဘက်က အခွန် ၁၃ ပဲ ကောက်မယ်ဆိုပြီး သတ်မှတ်လိုက်တယ်။ နယ်စပ်က ကုန်သည်တွေကလည်း တင်ပို့နိုင်ဖို့ဝယ်ယူတယ်။ တစ်ဖက်မှာလည်း ပင်လယ်ရေကြောင်းကနေ တရုတ်အပြင် တစ်ခြားနိုင်ငံတွေကို တင်ပို့ဖို့ ဝယ်ယူမှုများလာယ်” ဟု ပြောသည်။

လက်ရှိ ပြည်ပဈေးကွက်သို့ တင်ပို့နေသည့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆန်ကွဲဝင်ရောက်မှုနည်းပါးနေကြောင်း၊ ထို့ကြောင့် ကုန်သည်၊ ပွဲစားများက နယ်မှစက်ပိုင်များနှင့်ချိတ်ဆက်၍ ဝယ်ယူလျက်ရှိကြောင်းသိရသည်။ မြဝတီမြို့ရှိ ဆန်စပါးကုန်သည် ကိုကျော်နိုင်လင်းက“ ထိုင်းဘက်ကို ဆန်ကွဲတင်ပို့ဖို့ မြဝတီကဂိုဒေါင်တွေမှာထားရှိတာ တန်ချိန်တစ်သောင်းကျော် လောက်တော့ရှိမယ်။ လောလောဆယ် ဒါတွေမထွက်နိုင်သေးဘူး။ တရုတ်ဘက်က ကုန်သွယ်ရေးလမ်းကြောင်းပြန်ဖွင့်ရင်တော့ ဆန်ကွဲဈေးတွေတက်လာမှာပါ။ သူတို့ဆီမှာလည်း အစာကုန်ကြမ်းတွေပြတ်လပ်နေပြီ” ဟု ပြောသည်။

လက်ရှိဈေးကွက်အတွင်း ဆန်ကွဲအမျိုးအစားများဖြစ်သည့် ဘီ ၂၊ ၃ နှင့် ၄ (၁၀၈) ပေါင်ရှိ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀ မှ ၁၄၆၀၀၊ ဘီ ၁၊ ၂ တစ်အိတ်လျှင် ကျပ် ၁၅၂၀၀ မှ ၁၅၇၀၀ ကြား၊ ဘီ ၁ (အသန့်) တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ အထိ ရှိနေကြောင်းသိရသည်။ ဆန်ကွဲကို နိုင်ငံပေါင်း ၅၁ ခုသို့ တန်ချိန် ၃၅၀၀၀၀ ကျော် ကန်ဒေါ်လာ ၉၂ သန်း ကျော် စုစုပေါင်း တန်ချိန် ၁၁ သိန်းကျော် ကန်ဒေါ်လာ သန်း ၃၄၀ ကျော်ရရှိထားသည်။ ဆန်ကွဲအများဆုံးတင်ပို့နေသည့် နိုင်ငံငါးခုမှာ အင်ဒိုနီးရှားသို့ တန်ချိန် ၈၃၀၀၀ ကျော်၊ ဂီနီနိုင်ငံသို့ တန်ချိန် ၁၅၀၀၀ ကျော်၊ နယ်သာလန်သို့ တန်ချိန် ၁၄၂၀၀ ကျော်၊ ဘယ်ဂျီလ်ယံသို့

တန်ချိန် ၇၈၀၀၀ ကျော်နှင့် ဆီနီဂေါနိုင်ငံသို့ တန်ချိန် ၈၂၀၀၀ ကျော် အသီးသီးတင်ပို့ထားကြောင်းသိရသည်။

**Source:** https://www.facebook.com/a9biz/posts/3030281887003714?__tn__=K-R

## Novel Coronavirus နှင့် ကိုရီးယားသမ္မတနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် စီးပွားရေးအလားအလာအခြေအနေ

အာရှဒေသ၏ စတုတ္ထမြောက်စီးပွားရေးအင်အားကြီးနိုင်ငံတစ်ခုဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ရက်၂၀အတွင်း အကောက်ခွန်ဝန်ဆောင်မှုဌာနမှသိရှိရသော ကုန်သွယ်မှုသတင်းအချက်အလက်များအရ ပို့ကုန်တွင် Chips ပြားများနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများ တိုးတက်တင်ပို့နိုင်ခဲ့မှုကြောင့် အမေရိကန်ဒေါ်လာ ၂၆.၃ ဘီလီယံတင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် ၁၂.၄ ရာခိုင်နှုန်းတိုးတက်ခဲ့သော်လည်း နေ့စဉ်ပျှမ်းမျှတင်ပို့နိုင်မှုအရမူ ယခင်နှစ်ကာလတူထက် ၉.၃ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး၊ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့နေ့စဉ်ပျှမ်းမျှတင်ပို့နိုင်မှုတွင် ၃.၇ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း၊ အလားတူ တရုတ်နိုင်ငံမှတင်သွင်းမှုတွင်လည်း ၁၉ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်းသိရှိရပါသည်။

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၁၀ ရက်အတွင်း ပို့ကုန်တိုးတက်တင်ပို့နိုင်မှုအခြေအနေ သည် ၆၉.၄ ရာခိုင်နှုန်းထိ တိုးတက်ကောင်းမွန်ခဲ့သည့်အတွက် နိုင်ငံ၏ပို့ကုန်တိုးတက်ရန် မျှော်လင့်ချက် ရောင်ခြည်သန်းခဲ့သော ကိုရီးယားသမ္မတနိုင်ငံသည် ဖေဖော်ဝါရီလ(၁၈)ရက်နေ့မှစ၍ Novel Coronavirus (COVID_19) ၏ပြန့်ပွားမှုနှုန်းသည် မမျှော်လင့်ဘဲ ရုတ်တရက်တိုးမြင့်လာခဲ့ကာ၊ အဆိုပါဗိုင်းရပ်စ် စတင် ဖြစ်ပွားရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြီးလျှင် ဒုတိယအများဆုံးနိုင်ငံအဖြစ်သို့ရောက်ရှိခဲ့ပြီး၊ ပြည်သူလူထု ၏စိုးရိမ်မှုသည်လည်း မြင့်တက်လျက်ရှိပါသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ၁၄:၀၀ နာရီအထိ ထုတ်ပြန် ထားသောစာရင်းများအရ ကူးစက်ခံရကြောင်း အတည်ပြုပြီးသူ (၂,၀၂၂)ဦး၊ စစ်ဆေးဆဲ(၂၄,၇၅၁)ဦး၊ သံသယရှိသူ (၆၈,၉၁၈)ဦး၊ စစ်ဆေးပြီး၍ပိုးမတွေ့ရှိသူ (၄၄,၁၆၇)ဦး၊ သေဆုံးသူ (၁၃)ဦးနှင့် ရောဂါပျောက်ကင်းသူ (၂၆)ဦး ဖြစ်ကြောင်း သိရှိရပါသည်။ ရောဂါကူးစက်သူဦးရေအနေဖြင့် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ တစ်ရက်တည်းတွင်ပင် (၅၀၅) ဦး နှင့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် (၂၅၆)ဦး အသီးသီး ထပ်မံတိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံသည် ဆေးပညာတွင်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ခေတ်မီသော ဓါတ်ခွဲခန်း၊ ကျန်းမာရေးစစ်ဆေးမှုနည်းစနစ်များနှင့် ပြည့်စုံသည် ဖြစ်ရာရောဂါပိုးရှိ/မရှိကို တစ်ရက်လျှင်လူဦးရေ (၁၅၀,၀၀၀)အထိ ဓါတ်ခွဲစစ်ဆေးနိုင်ပြီး ၂၈-၂-၂၀၂၀ ရက်နေ့ နံနက်အထိ လူဦးရေ ၇၀၀၀၀ ကျော်ကို စစ်ဆေးပြီးဖြစ်ကြောင်း၊ အခြားသောနိုင်ငံများမှ တစ်နေ့လျှင် လူဦးရေ(၂,၀၀၀)ဝန်းကျင်သာ စစ်ဆေးနိုင်ချိန်တွင် ကိုရီးယားသမ္မတနိုင်ငံသည် (၁၅,၀၀၀)ခန့်အထိ စစ်ဆေးနိုင်သည့်အတွက် စစ်ဆေးတွေ့ရှိမှုလျှင်မြန်ပြီး အချိန်တိုအတွင်း ကိန်းဂဏန်းအရများပြားနေခြင်း ဖြစ်ပါကြောင်း ပြောရေးဆိုခွင့်ရှိသည့် အစိုးရအာဏာပိုင်များ၏ ထုတ်ဖော်ရှင်းလင်းပြောကြားချက်အရ သိရှိရပါသည်။

ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သတင်းအချက် အလက်များကို ပွင့်လင်းမြင်သာစွာ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးလျက်ရှိပြီး၊ တစ်ကိုယ်ရေသန့်ရှင်း ရေးနှင့် ရောဂါကူးစက်ခြင်းမှကာကွယ်ရန် လိုက်နာရမည့် အချက်အလက်များကိုလည်း ပြည်သူများသိရှိ စေရန် မီဒီယာများမှတစ်ဆင့် အသိပညာပေးလျက်ရှိပါသည်။ ရောဂါကာကွယ်ရေးအတွက် အသုံးပြု ရသည့် Face Mask များ ကုန်စည်ပြတ်လပ်မှုများဖြစ်ပေါ်ခဲ့သည့်အတွက် ၂၆-၂-၂၀၂၀ ရက်နေ့ မှစ၍ ၃၀-၄-၂၀၂၀ ရက်နေ့အထိ ပြည်ပသို့တင်ပို့မှုအား ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းကိုသာ တင်ပို့ခွင့်ပြုသွား မည်ဖြစ်ကြောင်း အစိုးရမှကြေငြာခဲ့ပါသည်။ အရောင်းဆိုင်များတွင် Face Mask များအား ၂၇-၂-၂၀၂၀ ရက်နေ့တွင် ထပ်မံဖြည့်တင်းပေးခဲ့ကာ၊ ထုတ်လုပ်သူများအနေဖြင့် နေ့စဉ်ထုတ်လုပ်မှု၊ ရောင်းချမှုနှင့်ရောင်းချသည့် ဈေးနှုန်းအချက်အလက်များကို အစိုးရ၏သက်ဆိုင်ရာ ဌာနသို့ နေ့စဉ်သတင်းပို့တင်ပြရန် ညွှန်ကြားထားကြောင်းသိရှိရပါသည်။

ကိုရီးယားသမ္မတနိုင်ငံအတွင်း ရောဂါကူးစက်မှုရှိသည့်နေရာများအား လိုအပ်သည့်ရောဂါထိန်းချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် ယာယီပိတ်ခြင်းမှအပ ကျန်လုပ်ငန်းရပ်များ၊ စီးပွားရေးလုပ်ငန်းများသည် ပုံမှန်လည်ပတ်လျက်ရှိပြီး၊ စက်ရုံ/ အလုပ်ရုံ အများစုအနေဖြင့်လည်း ပုံမှန်လည်ပတ်လျက်ရှိကြောင်းသိရှိရပါသည်။ သို့ရာတွင် ၂၈-၂-၂၀၂၀ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၊ တောင်ပိုင်းရှိ Ulsan မြို့၌တည်ရှိသော တောင်ကိုရီးယား၏ ရောင်းအားအကောင်းဆုံး မော်တော်ယာဉ်ထုတ်လုပ်သူဖြစ်သည့် Hyundai Motor Co.,Ltd. ၏ Plant (2) ၌ COVID_19 ကူးစက်ခြင်းခံရသူ ဝန်ထမ်းတစ်ဦးတွေ့ရှိခဲ့သည့်အတွက် စက်ရုံအားလုပ်ငန်းများ


ချက်ချင်းရပ်ဆိုင်းခဲ့ကာ၊ ကုမ္ပဏီ၏သက်ဆိုင်ရာ တာဝန်ရှိသူများ အကြား အရေးပေါ်ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီမှထုတ်ဖော်ပြောဆိုခဲ့ ပါသည်။ တရုတ်နိုင်ငံတွင် COVID_19 ဖြစ်ပွားမှုကြောင့် လုပ်ငန်းများရပ်ဆိုင်းသဖြင့် တရုတ်နိုင်ငံမှ မော်တော်ယာဉ်အစိတ်အပိုင်းများ တောင်ကိုရီးယားနိုင်ငံသို့တင်သွင်းနိုင်မှုအားနည်း၍ရှားပါးနေချိန်တွင် ဤကိစ္စရပ်သည် တောင်ကိုရီးယားမော်တော်ယာဉ်ထုတ်လုပ်သူများအတွက် နောက်ထပ်ထိုးနှက်ချက်တစ်ခုပင်ဖြစ်ပေသည်။

သမ္မတမွန်ဂျေအင်းအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏ အဆိုပါဗိုင်းရပ်ပျံ့နှံ့မှုအားအမြင့်ဆုံး အနီရောင်အရေးပေါ်အဆင့် သတ်မှတ်ထားပြီး၊ အစိုးရသည် ပြည်သူနှင့်တစ်သားတည်းရှိနေကြောင်း ပြည်သူများစိတ်ဓါတ်တက်ကြွစေရန် ရောဂါအများဆုံး ဖြစ်ပွားရာ မြို့များသို့ သွားရောက်စစ်ဆေး၍အားပေးခြင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင်ပြုလုပ်ခဲ့သော အစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံ၏စီးပွားရေးကိုကယ်တင်နိုင်မည့် မိမိနိုင်ငံ၏ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းရှင်များကို ကာကွယ် ကူညီနိုင်မည့် အရေးပေါ်စီးပွားရေးဆိုင်ရာမူဝါဒများချမှတ်ရန် အစိုးရအဖွဲ့အား ညွှန်ကြားခဲ့ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင်ပြုလုပ်ခဲ့သော အမျိုးသားလွှတ်တော်အစည်းအဝေးမှ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးအက်ဥပဒေ၊ Quarantine အက်ဥပဒေနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုအက်ဥပဒေတို့ကို ပြင်ဆင်ခြင်းကို ခွင့်ပြုခဲ့ပါသည်။ ပြင်ဆင်ချက်အရ နိုင်ငံ၏ကျန်းမာရေးသတိပေးချက်အဆင့် အဝါရောင်နှင့်အထက်သတ်မှတ်လိုက်ချိန်တွင် ကလေးငယ်များနှင့်သက်ကြီးရွယ်အို များကို Facial Mask ထောက်ပံ့ပေးရန်၊ ကူးစက်ရောဂါစစ်ဆေးရန်ငြင်းဆန်သူကို ဒဏ်ငွေဝမ် ၃ သန်းအထိ ချမှတ်ရန်၊ ရောဂါကူးစက်ခံရသဖြင့်ဆေးရုံတက်ရန် (သို့မဟုတ်) ရောဂါကာကွယ်ထိန်းချုပ်သည့် လုပ်ငန်းစဉ်ကိုလိုက်နာရန် ငြင်းဆန်ပါကဒဏ်ငွေ ဝမ် ၁၀ သန်းအထိ(သို့မဟုတ်) ထောင်ဒဏ်တစ်နှစ်အထိ ချမှတ် ရန်၊ ကူးစက်ရောဂါဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် တာဝန်ယူထားသည့် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှတာဝန်ရှိသူများကို လက်ရှိအရေအတွက် ၃၀ မှ ၁၀၀ သို့တိုးမြှင့်ပေးရန်တို့ဖြစ်ပါသည်။

Bank of Korea သည် ၂၇-၂-၂၀၂၀ ရက်နေ့တွင် ပြုလုပ်ခဲ့သောငွေကြေးမူဝါဒဆိုင်ရာအစည်းအဝေး ၌အခြေခံ အတိုးနှုန်း(Benchmark Interest Rate)အား ၁.၂၅ ရာခိုင်နှုန်းတွင်ပင်မပြောင်းလဲဘဲ ဆက်လက် ထားရှိခဲ့ပါသည်။ လက်ရှိ ဖြစ်ပေါ်လျက်ရှိသည့် COVID_19 ၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများကြောင့် ယခုအချိန်သည် အခြေခံအတိုးနှုန်းကို ပြောင်းလဲရန် မသင့်သေးဘဲ စောင့်ကြည့်ရမည့်အနေအထားဖြစ် ကြောင်း၊ သို့ရာတွင် ဗဟိုဘဏ် Bank of Korea အနေဖြင့် အခြေခံ အတိုးနှုန်းနိမ့်ခြင်းကြောင့် ကိုရီးယားဝမ်ငွေနှင့် အိမ်ရာဈေးကွက်တို့တွင် တန်ဖိုးလျော့ကျခြင်းတို့ဖြစ်ပေါ်မည်ကိုလည်း စိုးရိမ်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် Bank of Korea သည် ၂၀၂၀ ပြည့်နှစ်အတွက် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းကို မူလ ခန့်မှန်းခဲ့သည့် ရာခိုင်နှုန်းထက် ၀.၂ ရာခိုင်နှုန်းလျှော့ချ၍ ၂.၁ ရာခိုင်နှုန်းသို့ ပြောင်းလဲခန့်မှန်းခဲ့ပြီး၊ ၂၀၂၁ ခုနှစ်အတွက် စီးပွားရေး တိုးတက်မှုနှုန်းကို ၂.၄ ရာခိုင်နှုန်း ရရှိရန် ခန့်မှန်းထားကြောင်း သိရှိရပါသည်။ သို့ရာတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသည့်အနေအထားများအရ ၂၀၂၀ ပြည့်နှစ်အတွက် စီးပွားရေးတိုးတက်မှု နှုန်းသည် ၁ ရာခိုင်နှုန်းအောက်သို့ပင်ရောက်နိုင်ကြောင်း ကမ္ဘာ့စီးပွားရေးပညာရှင်အချို့က ခန့်မှန်းထားကြပါသည်။ အဆိုပါကူးစက်ရောဂါပျံ့နှံ့မှုသည် ယခုနှစ်ကုန်သွယ်မှုကို များစွာထိခိုက်လာနိုင်သည့်အတွက် ကိုရီးယား သမ္မတနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန် ပြည်ပတင်ပို့သူများအတွက် အတိုးနှုန်းနည်းသည့်ချေးငွေနှင့် ဈေးကွက် ရှာဖွေရေး လုပ်ငန်းများတွင်ထောက်ပံ့နိုင်ရန် ၃ ဘီလီယံဝမ် (အမေရိကန်ဒေါ်လာ ၃၁၁ သန်း)သုံးစွဲသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ကိုရီးယားသမ္မတနိုင်ငံအစိုးရအနေဖြင့်လတ်လလော ဖြစ်ပေါ်လျက်ရှိသည့် Novel Coronavirus ကူးစက်ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်နိုင်ရေးနှင့် နိုင်ငံ၏ စီးပွားရေးအားတည့်မတ်နိုင်ရေးတို့အတွက် လိုအပ်သည့်ဖြည့်စွက်ဘဏ္ဍာရေးခွင့်ပြုငွေများနှင့် အစီအမံ များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှအစပြုခဲ့သည့် Novel Coronavirus ကူးစက်ရောဂါသည် ကမ္ဘာ အရပ်ရပ်ရှိ လေကြောင်း၊ ရေကြောင်းပို့ဆောင်ရေးများမှအစပြု၍ ခရီးသွားကဏ္ဍ၊ ဖျော်ဖြေရေးအနု ပညာကဏ္ဍ၊ ကုန်စည်ထုတ်လုပ်မှု၊ ကူးသန်းရောင်းဝယ်မှုကဏ္ဍစသည့် စီးပွားရေးကွင်းဆက်အားလုံးကို ထိခိုက်စေလာသည့်အတွက်စီးပွားရေးကပ်ဘေးတစ်ခုမဖြစ်စေရန် ဤ ကူးစက်ရောဂါကို ကာလတိုအတွင်း ထိန်းချုပ်နိုင်ရေးသည် ကိုရီးယားသမ္မတနိုင်ငံသာမက ကမ္ဘာအဝှမ်းရှိ လူသားအားလုံး၏မျှော်လင့်ချက်ပင်ဖြစ်ပါသည်။ ကုန်သွယ်မှုအပိုင်း၌ ပို့ကုန်ရောသွင်းကုန်ပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပေါ်တွင် များစွာမှီတည်လျက်ရှိသော ကိုရီးယားသမ္မတနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွင်း ပို့ကုန် ၃ ဆတိုးတက်ရန် မျှော်မှန်းထားသော်လည်း လက်ရှိကြုံတွေ့ရလျက်ရှိသည့် Novel Coronavirus ကူးစက်ရောဂါ၏ ရိုက်ခတ်မှုသည် နိုင်ငံရေး၊ စီးပွားရေးရာများတွင်ပါ သက်ရောက်မှုရှိနေသည့်အတွက် ၂၀၂၀ ပြည့်နှစ်၊ ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေသည် ခန့်မှန်းရန်ခက်ခဲလျက်ရှိပြီး၊ စောင့်ကြည့်ရမည့်အနေအထားဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့**

**Reference: The Korea Times၊ Yonhap News Agency၊ Arirang News၊ Ministry of Trade Industry & Energy (MOTIE)၊ Korea Customs Services**

## ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှု ဖြစ်ပွားသောကြောင့် Prince Hotel နှင့် အချို့သော ဟိုတယ်များအား ပြန်လည်ပြင်ဆင်ရန် ကာလကြာရှည်လုပ်ငန်းရပ်ဆိုင်းထားခြင်း

ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှုဖြစ်ပွားသောကြောင့် ဟောင်ကောင်ဒေသ၏ ကောင်းလွန်ကျွန်းရှိ Harbour City စီးပွားရေး အဆောက်အဦရှိ Prince Hotel အား ပြန်လည်ပြင်ဆင်မှုများလုပ်ဆောင်ရန် ၂၀၂၁ ခုနှစ်၊ တတိယလေးလပတ်အထိ ၁၅ လကြာပိတ်ထားမည်ဖြစ်ကြောင်း၊ Gateway Hotel နှင့် Marco Hotel တို့အားလည်း ပြန်လည်ပြင်ဆင်မှုများ လုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ နှစ်လယ်ကစတင်၍ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ လပေါင်းများစွာ ကာလကြာရှည်စွာဖြစ်ပွားခဲ့မှုကြောင့် ဒေသ၏စီးပွားရေးအတွက်အရေးပါသည့် ခရီးသွားဧည့်သည်များနှင့်ဈေးဝယ်ယူသူများ လျော့နည်းလာကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်တစ်ဆက်တည်း ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားလာမှုကြောင့် ဟိုတယ်များတွင် အခန်းလွတ်များ တစ်ဟုန်ထိုးမြင့်တက်လာကြောင်း၊ ခရီးသွားဧည့်သည်များ လာရောက်မှုများမှာ ၂၀၁၉ ခုနှစ်က (၂၀၀,၀၀၀) ဦး၊ ၂၀၂၀ ပြည့်နှစ်က (၁၀၀,၀၀၀) ဦးရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် (၃,၀၀၀) ဦး ခန့်သာရှိကြောင်း၊ ဟိုတယ်လုပ်ငန်းများ၏ ထိန်းသိမ်းခ စရိတ်မှာ မြင့်မားကြောင်း၊ ဟောင်ကောင်ဒေသတွင်းမှ ခရီးသွားသူမှာအနည်းငယ်သာရှိပြီး တရုတ်ပြည်မကြီးမှလာရောက်သည့် ခရီးသွားဧည့်သည်များအပေါ် အဓိကမှီခိုအားထားနေရကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဇွန်လက စတင်ဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများကြောင့် ရာပေါင်းများစွာသော ကွန်ဖရင့်၊ အစည်းအဝေးပွဲများ၊ ကုန်စည်ပြပွဲများနှင့် အားကစားပွဲများအားဖျက်သိမ်းခဲ့ရပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ကျင်းပပြုလုပ်မည့်ပွဲများ ထပ်မံဖျက်သိမ်းခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လနှင့် ဧပြီလအထိ ဟိုတယ်လုပ်ငန်းများအနေဖြင့် အလုပ်အကိုင်များ နည်းပါးနေမည်ဖြစ်ကြောင်း၊ အလုပ်လက်မဲ့နှုန်းမှာ (၄၀) ရာခိုင်နှုန်းအထိ မြင့်တက်နေမည်ဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုပြီးဆုံးလျှင် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ပြန်လည်စတင်ဖြစ်ပွားနိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## လုပ်ငန်းများအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် စာချုပ်တွင်ရေးထိုးထားသည့် ကတိကဝတ်များအား လျှော့ပေါ့ပေးရန် လျှောက်ထားမှုများဖြင့် ရုန်းကန်လှုပ်ရှားနေရခြင်း

တရုတ်ပြည်မကြီးရှိ စက်ရုံများသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် လုပ်ငန်းများထုတ်လုပ်မှုပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် လုပ်ငန်းစာချုပ်များ၏ကတိကဝတ်များအားရှောင်ရှားကာကွယ်နိုင်ရန် အပူတပြင်း ဆောင်ရွက်လာကြကြောင်း၊ အစိုးရကြောထောက်နောက်ခံရှိသည့် အေဂျင်စီတစ်ခုမှလည်း အဆိုပါမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်ထိခိုက်မှုများခံစားနေရသည်မှာ မှန်ကန်ကြောင်းနှင့် လုပ်ငန်းသဘောတူစာချုပ်ရေးထိုးထားသည့်

အတိုင်း ဖြည့်ဆည်းနိုင်မှုမရှိလျှင် ကတိကဝတ်များ လျှော့ပေါ့ပေးနိုင်ရန်ထောက်ခံသည့် အသိအမှတ်ပြုလက်မှတ် ၃,၀၀၀ ခန့်အား တရုတ်ပြည်မကြီးရှိ ကုမ္ပဏီများအား ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော် အဆိုပါဆောင်ရွက်မှုမှာ လုပ်ငန်းအများစုအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမရှိနိုင်ကြောင်း ရှေ့နေများနှင့်ဥပဒေကျွမ်းကျင်ပညာရှင်များမှပြောကြားကြောင်း၊ ဖူကျန်းပြည်နယ်ရှိ ချုပ်ပြီးသားအထည်များ တင်ပို့ရောင်းချသည့် Wanjiamei Textile သည် အလုပ်သမား (၈၀၀) ခန့်ဖြင့် လုပ်ကိုင်လျှက်ရှိကြောင်း၊ ၎င်းကုမ္ပဏီသည် စပိန်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ရမည်ဖြစ်ပြီး ဝယ်ယူမည့်သူနှင့်အငြင်းပွားမှုပြဿနာများမရှိသော်လည်း ကတိကဝတ်များလျှော့ပေါ့ပေးနိုင်ရန်ထောက်ခံသည့် အသိအမှတ်ပြုလက်မှတ်အားလိုရမယ်ရလျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဝယ်ယူများအနေဖြင့်လည်း တရုတ်နိုင်ငံတွင်ဖြစ်ပွားလျှက်ရှိသည့် အခြေအနေများအား သိရှိထားပြီးဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ကုန်ပစ္စည်းများအား လျှင်မြန်စွာပေးပို့နိုင်ရန်အရေးကြီးကြောင်း၊ ကုန်ပစ္စည်းထုတ်လုပ်မှုအချိန် လျှော့နည်းနိုင်စေရန် ပင်လယ်ရေကြောင်းမှမပေးပို့ဘဲ လေကြောင်းလိုင်းဖြင့် ကုန်ပစ္စည်းများအားတင်ပို့သွားမည်ဖြစ်ကြောင်း၊ ကွမ်ရှီးပြည်နယ် ရှိ Liuzhou Glory Zinc Minmetchem ကုမ္ပဏီသည် ဂျပန်နိုင်ငံမှဝယ်ယူသူအား နောက်ဆုံးသတ်မှတ်ရက်အတွင်း ကုန်ပစ္စည်းပေးပို့နိုင်ခြင်းမရှိသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် စာချုပ်တွင် ရေးထိုးထားသည့် ကတိကဝတ်များအား ကာကွယ်ပေးနိုင်ရန်လျှောက်ထားရမည့် ပထမဦးဆုံးကုမ္ပဏီဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## STOCK EXCHANGE (26.2.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 6,141 | 73,692,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | -50 | -1.25% | 4,000 | 4,000 | 3,950 | 10,432 | 41,577,500 | 38,929,150 | 153,770 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,300 | 68 | 564,400 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 654 | 15,042,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 191 | 553,900 | 12,823,224 | 37,187 |

### Market summary

As of 26th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 481.62 | -0.67 | -0.14% | 483.05 | 483.05 | 481.62 | 17,486 | 131,429,800 | 5 | 659,495 |

**Index chart**



# Market Overview

As of 10:00 am, 26th Feb. 2020

| MYANPIX | 483.05 ▲ 0.76 |
| --- | --- |
| Total Volume (shares) | 2,876 |
| Total Value (MMK) | 21 mil |
| Listed Company | 5 |
| Market Cap. (MMK) | 661,442 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,000 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |

TIR